## ပြည်ပအောင်နိုင်ငံသားနှင့် နိုင်ငံခြားသား သူနာပြုများအတွက် ကန့်သတ်လိုင်စင်ထုတ်ပေးရန် သတ်မှတ်ချက်များနှင့် စာမေးပွဲဖြေဆိုရမည့်ရက်

ပြည်ပအောင် နိုင်ငံသား သူနာပြုများနှင့် နိုင်ငံခြားသား သူနာပြုများအတွက် ယာယီမှတ်ပုံတင်နှင့် ယာယီလိုင်စင်ထုတ်ပေးရန် စာမေးပွဲကို ဧပြီလနှင့်အောက်တိုဘာ တို့တွင် ကျင်းပမည်ဖြစ်ပြီး ဖြေဆိုမည့်ရက်ကို သတ်မှတ်၍ ဆက်သွယ်အကြောင်းကြားပါမည်။ ဆက်သွယ်ရန်ဖုန်း- ၀၉ ၉၆၂၅၆၀၅၈၈၊ ၀၉-၉၆၂၅၆၀၆၅၁

## လိုအပ်သည့် အရည်အချင်းသတ်မှတ်ချက်

မှတ်ပုံတင်နှင့်လိုင်စင်လျှောက်ထားလိုပါက ပုံစံ(၇)နှင့်(၃၄)တို့ကို ဖြည့်သွင်း၍ အောက်ပါအထောက်အထားများ ပူးတွဲတင်ပြရမည်။

၁။ မိမိတို့တက်ရောက်ခဲ့သော သူနာပြုသင်တန်းကျောင်းမှ ဘွဲ့၊ ဒီပလိုမာအောင်လက်မှတ်နှင့် Transcript (ယင်းကျောင်းသည် သက်ဆိုင်ရာ Nursing Regulatory Authority မှ Accreditation ပြုလုပ်ထားသည့် ကျောင်းဖြစ်ရမည်။)

၂။ သက်ဆိုင်ရာနိုင်ငံမှ ထုတ်ပေးထားသည့် သူနာပြု သားဖွား လိုင်စင်၊ မှတ်ပုံတင်။

၃။ သူနာပြုစုမှုလုပ်ငန်းတွင် တာဝန်ထမ်းဆောင်မည်ဆိုပါက မြန်မာစကား ပြောဆိုနိုင်ရမည်။

၄။ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီမှ စစ်ဆေးသော စာမေးပွဲကို သတ်မှတ် စာမေးပွဲကြေးပေးသွင်းပြီး ဖြေဆိုရမည်။